**အာဏာသိမ်းစစ်ကောင်စီတပ်မှ မူး(မုန်း)မြို့နယ်အတွင်းရှိကျေးရွာနေပြည်သူများအား ပစ်မှတ်ထားကာ ရည်ရွယ်ချက်ရှိရှိအကြမ်းဖက်တိုက်ခိုက်မှုများနှင့် သဘာဝ ဘေး အန္တရာယ် ဒဏ်ကို ခံစားနေရသည့်ပြည်သူများခံစားနေရသည့်အပေါ် မူး(မုန်း)မြို့နယ်ကရင်အရေးပေါ် ကူညီကယ်ဆယ်ရေး ကော်မတီ၏ သဘောထားထုတ်ပြန်ချက်**

နေ့စွဲ-၁၇/၈/၂၀၂၄

၁။ မူး(မုန်း)မြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် ဒေသအတွင်းရှိ ကျေးရွာနေပြည်သူများကြုံတွေ့နေရသည့် အခက်အခဲပြဿနာများနှင့် လိုအပ်ချက်ကိစ္စအဝဝကို တစ်ဖက်တစ်လမ်းတွင် ကူညီဆောင်ရွက်နိုင်ရန်အတွက် ရည်ရွယ်ကာ ဒေသခံပြည်သူများမှကိုယ်တိုင်ဖွဲ့စည်း ထားသောကော်မတီတစ်ရပ်ဖြစ်သည့်နည်းတူ အာဏာသိမ်းစစ်ကောင်စီတပ်ကို ဆန့်ကျင်ပြီး ပြည်သူများ၏ အကျိုးကို ရှေးရှုလုပ်ဆောင်လာခဲ့သည်မှာ (၂) နှစ် ကျော်ရှိလာခဲ့ပြီးဖြစ်သည်။

၂။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းယူပြီးသည့်အချိန်မှစ၍ စစ်ကောင်စီတပ်များမှ ဒေသခံပြည် သူများအား ရည်ရွယ်ချက်ရှိရှိ အကြမ်းဖက်မှု ကိစ္စရပ်များကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိပြီး ၂၀၂၄ခုနှစ် ဧပြီလမှစ၍ ဩဂုတ်လ(၁၅)ရက်နေ့ အထိ (၅)လအတွင်း အာဏာသိမ်း စစ်ကောင်စီတပ်များမှ လေယာဉ်တိုက်ခိုက်မှု စုစုပေါင်း (၇)ကြိမ် ပြုလုပ်ခဲ့ပြီး ဒရုန်းနှင့် လက်နက်ကြီးများဖြင့် အကြိမ်ပေါင်း များစွာ ပစ်ခတ်တိုက်ခိုက်မှုများကို ပြုလုပ်ခဲ့သည့်အပြင် ကျေးရွာအတွင်းသို့ ဝင်ရောက်ထိုးစစ်ဆင် မီးရှို့မှုများလည်းပြုလုပ်ခဲ့သည်။

၃။ ထိုသို့ အာဏာသိမ်းစစ်ကောင်စီတပ်များ၏ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူ (၁၉) ဦး သေဆုံးခဲ့ရပြီး (၅၄) ဦးထိခိုက် ဒဏ်ရာရရှိခဲ့သည့်အပြင် လူနေအိမ်စုစုပေါင်း(၂၀၆)အိမ် မီးလောင် ပျက်စီးခဲ့ရကာ (၂၀၂၄)ခုနှစ် ဧပြီလမှ ဩဂုတ်လအတွင်းထပ်မံ ထွက်ပြေးတိမ်းရှောင် နေကြရသည်မှာ ကျေးရွာပေါင်း (၁၉) ရွာမှ အိမ်ခြေပေါင်း (၂,၀၄၀)အိမ်ရှိ လူဦးရေ စုစုပေါင်း (၁၀,၇၄၃) ဦး ခန့် ဖြစ်သည်။

၄။ တစ်ဖက်တွင်လည်း မိုးများစွာရွာသွန်းမှုကြောင့် မူး(မုန်း)မြို့နယ်အတွင်းရှိ နေရာအနှံ့အပြားတွင် ရေကြီးမှုများနှင့်ကြုံတွေ့ရပြီး ဒေသခံပြည်သူများအသက်အိုးအိမ်စည်းစိမ် ပျက်စီးမှုများ ရှိခဲ့ပြီး လက်ရှိအချိန်တွင် စားဝတ်နေရေးအခက်အခဲပြဿနာနှင့် ကျန်းမာရေးဆိုင်ရာအခက်အခဲပြဿနာ များစွာကိုကြုံတွေ့ခံစားနေရသည်။ ရေကြီးကြီးမှုကြောင့် ဒေသခံပြည်သူ (၁) ဦး သေဆုံးခဲ့ရ ပြီး နေအိမ် စုစုပေါင်း (၂၆)လုံး ပျက်စီးဆုံးရှုံးခဲ့ရသည့်ကာ ကျေးရွာပေါင်း (၁၁၈) ရွာမှ အိမ်ခြေ (၁၃,၂၆၀)အိမ်ရှိ လူဦးရေစုစုပေါင်း (၇၂,၄၂၉) ဦးမှာ ရေဘေးဒုက္ခကို ခံစားနေရပြီး လက်ရှိအချိန်တွင် ဘေးလွတ်ရာသို့ ရွှေ့ပြောင်းနေထိုင် နေကြရသည်။

၅။ ထိုသို့အခက်အခဲများနှင့် ကြုံတွေ့နေရသည့် ဒေသခံပြည်သူများကို CIDKP, KORD, FBR နှင့် (KWO) ကရင်အမျိုးသမီးအစည်းအရုံး စသည့် လူမှုအဖွဲ့အစည်းများမှ ဒေသခံပြည်သူများဖြင့် အခြေခံ

ဖွဲ့စည်းထားသော "ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ" အတူတစ်ကွပေါင်းစည်းကာ လူသားချင်းဆိုင်ရာ စာနာထောက် ထားသည့် အကူအညီများဖြစ်သည့် ဆန်, မိုးကာ(တာလပတ်), ငွေကြေးနှင့် ဆေးဝါးစသည့် အကူအညီအချို့ကို ကူညီထောက်ပံ့ပေးခဲ့သည်။

၆။ လက်ရှိအချိန်တွင် ဒေသခံပြည်သူများကြုံတွေ့နေရသည့် စစ်ကောင်စီတပ်၏ အကြမ်းဖက်မှု များကို ရပ်တန့်စေရန်နှင့် သဘာဝဘေးဒဏ်ကြောင့် လိုအပ်သည့် အကူအညီများရရှိစေရန် အတွက် ကော်မတီမှ သက်ဆိုင်ရာအဖွဲ့အစည်းများအား အောက်ပါအတိုင်း တောင်းဆိုပါသည်။

(က) သဘာဝဘေးအန္တရာယ်ဒဏ်ကို ခံစားနေရသည့် ပြည်သူလူထုအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထား အကြမ်းဖက်တိုက်ခိုက်နေမှုများအား ပြင်းထန်စွာ ကန့်ကွက် ရှုံ့ချပြီး ဤလုပ်ရပ်များအား ချက်ချင်းရပ်တန့် ရန်တောင်း ဆိုပါသည်။

(ခ) သဘာဝဘေးအန္တရာယ်ဒဏ်များအပြင် အကြမ်းဖက်စစ်ကောင်စီတပ်၏ အကြမ်းဖက်မှု ဒဏ်ကို ခံစားနေရသော စစ်ဘေးရှောင် ပြည်သူလူထုများ၏ လုံခြုံမှုနှင့် စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး စသည်တို့အတွက်လိုအပ်သော လူသားချင်းစာနာ ထောက်ထားမှု ဆိုင်ရာ ကူညီမှုများ ပေးအပ် ရန် နိုင်ငံတကာအဖွဲ့အစည်းများအား တောင်းဆိုပါသည်။

(ဂ) ပြည်တွင်းပြည်ပတွင်ရှိသော ကရင်လူမျိုးနှင့်တကွ ပြည်သူလူထုကို ကိုယ်စားပြုသည့် အရပ်ဖက်အဖွဲ့အစည်းများ၊ တော်လှန်ရေးအဖွဲ့အစည်းများနှင့်တကွ နိုင်ငံတကာအစိုးရများ၊ နိုင်ငံတကာအဖွဲ့အစည်းများ လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများကလည်း ဤသို့သော အကြမ်းဖက်စစ်ကောင်စီတပ်၏ ပြည်သူကိုပစ်မှတ်ထား အကြမ်းဖက် တိုက်ခိုက် နေမှုများအား ချက်ချင်းရပ် တန့်ပြီး ပိုမိထိရောက်သောအရေးယူဆောင်ရွက်မှုများနှင့် ပိတ်ဆို့မှုများ ပြုလုပ်ရန် တောင်းဆိုပါသည်။

၇။ မူး(မုန်း)မြို့နယ် ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီသည် ဒေသခံတိုင်းရင်းသားပြည်သူများ ကြုံတွေ့နေရသည့် အခက်အခဲပေါင်းများစွာကို တစ်ဖက်တစ်လမ်းမှ တတ်နိုင်သည့် အကူအညီများပေးကာ အကြမ်းဖက်ခံရသည့် အဖိနှိပ်ခံပြည်သူများနှင့်အတူ ဆက်လက် ရပ်တည်သွားမည်ဖြစ်ကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ကရင်အရေးပေါ်ကူညီကယ်ဆယ်ရေးကော်မတီ
(မူးမြို့နယ်)

ဆက်သွယ်ရန်-

၀၉-၇၇၂၇၆၆၃၀၈

၀၉-၄၀၇၄၀၆၁၈၂